## "ဗမာအစိုးရမှ နော်အုန်းလှအား ချွင်းချက်မရှိချက်ခြင်းလွှတ်ပေးရန်တောင်းဆို"

နေ့စွဲ။ ။ဇွန်လ(၃၀)ရက် ၊၂၀၁၅ခုနှစ်။
မှ။ ။ကရင်အမျိုးသမီးအစည်းအရုံး နှင့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ပူးပေါင်း ထုတ်ပြန်ကြေငြာချက်

ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးအတွက်ငြိမ်းချမ်းစွာ ဆန္ဒဖေါ်ထုတ်မှုကြောင့် ဖမ်းဆီးခံထား သောနော်အုန်းလှ ကို ချွင်းချက်မရှိအမြန်ဆုံးချက်ချင်းလွှတ်ပေးရန် ကရင်အမျိုးသမီးအစည်းအရုံး (Karen Women's Organization) နှင့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Karen Women Empowerment Group) မှယနေ့ တောင်းဆို လိုက်ပါသည်။နော်အုန်းလှသည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၆)လ ကျခံရခြင်းကိုမနေ့ (ဇွန်လ ၂၉ ရက်) က အမိန့်ချမှတ်ခြင်းခံရပါသည်။ လွန်ခဲ့သော (၈) နှစ်ခန့်ကဒေါ်အောင်ဆန်း စုကြည်အား အ ကျယ် ချုပ် ချခံထားရခြင်းကိုကန့်ကွက်သောအားဖြင့် ရွှေတိဂုံဘုရားပေါ်တွင် ငြိမ်းချမ်းစွာ ဆုတောင်း ဂုတ်ပြု ခြင်း ကြောင့် အမိန့်ချခံခဲ့ရခြင်းဖြစ်ပြီး လက်ပန်းတောင်း ကြေးနီစီမံကိန်း ကိုဆန့် ကျင်သော အား ဖြင့်လည်း ကောင်း၊ လက် နက်ကိုင်ဆောင်ထားခြင်းမရှိသော အမျိုးသမီးအား ရက်စက်ကြမ်း ကြုတ်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း အ တွက်လည်းကောင်း၊ တရုတ်သံရုံးရှေ့တွင် ဆန္ဒဖေါ်ထုတ်မှုကြောင့် အင်းစိန်ထောင်တွင် (၄)နှစ်နှင့် (၄)လ အကျဉ်းကျရန် အမိန့်ချခံရပြီးဖြစ်ပါသည်။ ယခုကဲ့သို့နော်အုန်းလှအပေါ် ဖမ်းဆီးအတရား စွဲဆို ခြင်းသည် မြန် မာနိုင်ငံအစိုးရအနေဖြင့် ဒီမိုကရစီနိုင်ငံထူထောင်ရေးနှင့် နိုင်ငံသားများ အခြေခံ လွှတ် လပ်မှု များ ကိုအ လေး အ နက်ထားခြင်းမရှိပေ။ နော်အုန်းလှအပေါ် အစိုးရ၏ စွဲချက်များအားလုံးဖြေလွှတ်ပြီး ချက်ခြင်း လွှတ်ပေးရန်နှင့် မြန်မာနိုင်ငံအစိုးရမှ နိုင်ငံတကာသို့ ဂတိပြုခဲ့သည့်အတိုင်း နိုင်ငံသားများနိုင်ငံတကာ လူ့အခွင့်အ ရေးစံချိန် စံနှုန်း များနှင့်အညီ မိမိတို့၏ အခြေခံလူ့အခွင့်အရေးများကို လွတ်လပ်စွာ လက်တွေ့အသုံးချ ခွင့်ပြုခြင်း၊ ဒီမို က ရေစီနိုင်ငံထူထောင် ခြင်း စသည့် တို့ကိုအ ကောင်အ ထည် ဖေါ်ဆောင် သွားရန်ကရင်အမျိုးသမီးအစည်းအရုံး(Karen Women's Organization)နှင့်ကရင်အမျိုးသမီးများဖွံ့ဖြိုးတိုး တက်ရေးအဖွဲ့ (Karen Women Empowerment Group) မှ ထပ်မံ၍တောင်းဆိုအပ်ပါသည်။

ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် စီတန်းလှည့်ခြင်းတို့အတွက် တရားဝင်ဆောင်ရွက်လုပ်ဆောင်ရန် ၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းပြီး ၂၀၁၄ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ဥပဒေအရနော်အုန်းလှကို ပြစ်ဒဏ်စီရင်ခြင်း ဖြစ်ပါသည်။ နော်အုန်းလှ အနေဖြင့် နောက်ထပ် ခရိုင် (၃) ခု၌လည်းအလားတူစီရင်ချက်မျိုးနှင့်ရင်ဆိုင်ရဦးမည် ဖြစ်သည်။

မြန်မာ နိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုပြယုဒ်အဖြစ် လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့် တို့ကိုဥပဒေအဖြစ်ပြဒါန်းခဲ့သော်လည်းတဖက်မှာလူပ်ရှားတက်ကြွသူ များနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို နှိပ်ကွတ်သည့် နည်းဥပဒေများ ထပ်မံအတည်ပြုကျင့် သုံးခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အများ ပြည် သူမှ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခြင်း၊ ဆန္ဒထုတ်ဖေါ်ခြင်းများအပြင် အစိုးရအပေါ် ဝေဖန်သုံး သပ် ခြင်း များ ကိုလည်းလေးစား သင့်သည်။ ဤသို့သော မိမိ တို့၏ အမြင် အယူအဆ များထုတ်ဖေါ်ခြင်းအပေါ် ချိမ်းခြောက် ခြင်း သော်လည်းကောင်း ဖမ်းဆီးခြင်း သော်လည်း ကောင်း မဖြစ်သင့်ပေ။ နော်အုန်းလှနှင့်အတူအခြား သောငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖေါ်ခြင်းကြောင့် ဖမ်းဆီးထောင်ချ စွဲချက်တင်ထားသည့်သူများအားလုံးအမှုများအားလုံးမှ ချွင်းချက်မရှိချက်ခြင်းလွှတ်ပေးရန် တောင်းဆို လိုက် ပါ သည်။ အ ခြား နိုင်ငံ ကာ အဖွဲ့အစည်းများအားလည်း မြန်မာနိုင်ငံအစိုးရအပေါ် ဖိအားပေးရန်နှင့် နော်အုန်းလှ နှင့် တကွ မတရား ထောင် သွင်းအကျဉ်းချခံထားရသောသူများအား ချွင်းချက်မရှိချက်ခြင်း လွှတ်ပေးရန် ကရင် အမျိုးသမီးအစည်းအရုံး (Karen Women's Organization)နှင့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Karen Women Empowerment Group) တို့မှတောင်းဆိုအပ်ပါသည်။

**ဆက်သွယ်ရန်-**

၁.နော်ကညောဖေါ– +၉ ၉၄၂၅၀၂၉၀၂၃
၂.နော်စူစဲနာလှလှစိုး–+၉၅ ၉၂၅၀၇၉၅၂၅၈
၃.နော်တာမလာစော–+၆၆ ၈၁၀၂၆၆၇၃၈